# Global Storybooks

globalstorybooks.net

## မြို့ကြီးသွားဖို့အတွက် အိမ်ကနေထွက်ခွာလာခြင်း

✎ Lesley Koyi, Ursula Nafula
Brian Wambi
Naw Thazin Hpway

This work is licensed under a Creative Commons Attribution 4.0 International License.
https://creativecommons.org/licenses/by/4.0

# မြို့ကြီးသွားဖို့အတွက် အိမ်ကနေ ထွက်ခွာလာခြင်း



✎ Lesley Koyi, Ursula Nafula
Brian Wambi
Naw Thazin Hpway

3

မြန်မာဘာသာ my




ကျွန်တော့်ရဲ့ရွာမှာရှိတဲ့ ဘတ်စ်ကားဂိ
တ်သေးသေးလေးဟာ လူတွေနဲ့ ရှုပ်နေပြီး
ဘတ်စ်ကားတွေကလည်း လူတင်ထားတာ
အလွန်အကျွံများပြားနေပါတယ်။ အော
က်မှာဆိုရင် ပစ္စည်းတွေနဲ့ ပိုပြီးလေးလံ
နေပါတယ်။ လက်မှတ်ရောင်းသမားတွေ
ကလည်း သူတို့ရဲ့ ဘတ်စ်ကားသွားမယ့်နေ
ရာတွေရဲ့အမည်ကို အော်နေပါတယ်။




"မို့ကြို၊ မို့ကြို၊ အနောက်ဘက်ကိုသွားမယ်"
ဆိုတဲ့ လက်မှတ်ရောင်းသမားရဲ့ အော်သံ
ကိုကြားလိုက်ပါတယ်။ အဲ့ဒီရဲ့ ဘတ်စ်ကား
ဟာ ကျွန်တော်လိုက်သွားရမယ့် ဘ
တ်စ်ကားဘဲ။





မိုးကြိုသွားမယ့် ဘတ်စ်ကားဟာ ပြည့်ခါနီးနေပါပြီ၊ ဒါပေမယ့် လူတွေက တိုးကြိတ်ပြီးတက်နေတုန်းပါဘဲ။ တစ်ချို့က သူတို့အိတ်ကို ကားအောက်မှထားပါတယ်။ တစ်ချို့တော့ သူတို့အိတ်ကို ကားပေါက တန်းထဲမှာထားပါတယ်။





အပြန်မှာလည်း ဘတ်စ်ကားက အမြန်ပြည့်သွားပါတယ်။ သိပ်မကြာခင် အရှေ့ဘက်ကို ပြန်သွားပါတော့မယ်။ ယခု ကျွန်တော့်အတွက်အရေးကြီးဆုံးက ကျွန်တော့ဦးလေးရဲ့အိမ်ကို စရှာဖို့ဘဲ ဖြစ်ပါတယ်။




ကိုးနာရီကျော်ကဘြတဲ့အခါမှာ ဆူညံသံတွေ၊ ရွာကိုပြန်ဖို့ခရီးသည်အော်ခေါ်သံတွေနဲ့ ကျွန်တော်နိုးပါတယ်။ ကျွန်တော့်ရဲ့ အိတ်သေးသေးလေးကိုယူပြီးကားပေါ်ကနေ ဆင်းချလာပါတယ်။






ခရီးသည်အသစ်တွေဟော သူတို့ရဲ့လက်မှတ်ကို ဆောင့်ဆွဲယူပြီးလူတွေနဲ့ပြည့်နက်နေတဲ့ ဘတ်စ်ကားပေါ်မှာ ထိုင်ဖို့နေရာလိုက်ရှာပါတယ်။ ကလေးငယ်ပါတဲ့ အမျိုးသမီးတွေဟော ခရီးရှည်တစ်လျှောက်လုံး သူတို့ကလေးကို သက်သောင့်သက်သာဖြစ်စေပါတယ်။



ကျွန်တော်ကတော့ ပြတင်းပေါက်နားမှာ
ကျုံ့ကျုံ့လေးထိုင်လိုက်ပါတယ်။ ကျွန်တော့
နားမှာ ထိုင်တဲ့သူက ပလတ်စတစ်အိတ်အ
စိမ်းရောင်ကို ကျစ်ကျစ်ပါအောင် ကို
င်ထားပါတယ်။ သူဟာ ညှပ်ဖိနပ်အဟော
င်း၊ စုတ်နေတဲ့ကုတ်အင်္ကျီ ဝတ်ထားပြီး
စိတ်လှုပ်ရှားနေပုံပေါ်ပါတယ်။





လမ်းမှာ ကျွန်တော်က မှိုမြှားနေတဲ့
ကျွန်တော့်ဦးလေးရဲ့ နေရာနာမည်ကိုလည်း
အလွတ်ကျက်ထားပါတယ်။ အိပ်နေဆဲဘဲ
ကျွန်တော်ဟာ မကြာခဏတကြားနဲ့ ရေ
ရွတ်နေပါတယ်။



ဒါပေမယ့် ကျွန်တော့်စိတ်က အိမ်ကိုဘဲ ပြန်သယ်ဆောင်သွားပါတယ်။ အမေလုံခြုံပါ့မလား။ ယုန်ကလေးတွေကော ပိုက်ဆံရပါ့မလား။ ညီလေးကကော ကျွန်တော့်ရဲ့ အပင်ပေါက်လေးတွေကို ရေလောင်းဖို့အတွက် သတိရပါ့မလား။





ကျွန်တော်ဟာ ဘတ်စ်ကားရဲ့ အပြင်ဘက်ကိုရှုပြီး ကျွန်တော်ကြီးပြင်းလာတဲ့ ရွာကနေထွက်ခွာလာနေကြောင်း သိနားလည်လိုက်ပါတယ်။ ကျွန်တော်ဟာ မြို့ကြီးကို သွားနေပါတယ်။



လူတွေတက်တာပြည့်သွားတဲ့အခါမှာ ခရီး
သည်တွေဟာ နေရာယူကြပါတယ်။
ခေါင်းရွက်ဈေးသည်တွေကတော့ သူတို့
ရောင်းတာတွေကုန်အောင် ဘတ်စ်ကားထဲ
တိုးဝှေ့ ဝင်နေတုန်းပါဘဲ။ လူတိုင်းက သူ
တို့ရောင်းတဲ့ပစ္စည်းတွေရဲ့အမည်ကို
အော်ဟစ်နေကြပါတယ်။ စကားလုံးတွေ
ကတော့ ကျွန်တော့အတွက် ရီစရာဖြစ်နေ
ပါတယ်။





ခရီးဆက်သွားရင်း ကားအတွင်းပိုင်းက အ
ရမ်းပူလာပါတယ်။ ကျွန်တော်ဟာ အိ
ပ်ပျော်ဖို့အတွက် မျက်စိမှိတ်ထားလို
က်ပါတယ်။



ဘတ်စ်ကားဟာ ဘတ်စ်ကားဂိတ်ကနေ
ထွက်ခွာလာတဲ့အခါ ကျွန်တော်ဟာ ပြတ
င်းပေါက်အပြင်ဘက်ကို ငေးကြည့်ပါတ
ယ်။ ကျွန်တော်ဘယ်တော့မှာ ရွာကို
ပြန်ရောက်မလဲဆိုတာကို တွေးမိပါတယ်။





အချို့သောခရီးသည်တွေကေ သောက်စရာ
တွေကို ဝယ်ပြီးအချို့က မုန့်တွေကိုဝယ်ပြီး
ဝါးနေပါတယ်။ ကျွန်တော်လိုပိုက်ဆံမရှိ
တဲ့သူတွေကတော့ ကြည့်ဘဲကြည့်နေပါတ
ယ်။




ဒီလိုလုပ်နေတာတွေကို ကားစထွက်ဖို့အ
ဆင်သင့်ရှိပြီးဆိုတာ သတိပေးတဲ့ ကား
ဟွန်းတီးတာက ဖျက်လိုက်ပါတယ်။ လ
က်မှတ်ရောင်းတဲ့သူက ခေါင်းရွက်ဈေးသ
ည်တွေကို မောင်းထုတ်လိုက်ပါတယ်။





ခေါင်းရွက်ဈေးသည်တွေဟာ တစ်ဦးကိုတ
စ်ဦးတွန်းထုတ်ပြီးကားအပြင်ဘက်ကို
ထွက်လာပါတယ်။ တစ်ချို့က ခရီးသွား
တွေကို အကြွေပြန်အမ်းပါတယ်။ တစ်ချို့
ကလည်း နောက်ဆုံးမိနစ်ထိ သူတို့ပစ္စ
ည်းရောင်းထွက်ဖို့အတွက် ကြိုးစား
ကပြါတယ်။